# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၁။ ရေ

### ပထမပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - နှစ်သက်ရာပုံပြင်ကိုဆရာနှင့်အတူဖတ်ခြင်း<br>- "ဈ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဃ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဝ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဝ"ဗျည်းကိုအရစ်အဆွဲ မှန်စွာအစက်ချထားသောအက္ခရာပေါ်တွင် ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ညီညွတ်ကြစို့" ပုံပြင်ကို ဆရာကဖတ်ပြခြင်း<br>- "ဂ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဂ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ညီညွတ်ကြစို့" ပုံပြင်ကိုဆရာကဖတ်ပြခြင်း<br>- "ဝ"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- "ဝ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဂ"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- "ဂ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း<br>- သင်ခဲ့ပြီးသောအက္ခရာကိုကျောပေါ်တွင်အက္ခရာရေးခြင်းကစားနည်းဖြင့်ကစားခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ ဒုတိယ | - "V"အက္ခရာကိုရွေးချယ်ခြင်း<br>- "V"အက္ခရာကိုအစက်များအပေါ်ထပ်ပြီးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "V"အက္ခရာကိုလေးကြောင်းမျဉ်းနှင့်ရေးဆွဲခြင်း<br>- အက္ခရာများနှင့်ငါးများကစားခြင်း<br>(ပြောဆိုဆက်သွယ်) | - "W"အက္ခရာကိုရွေးချယ်ခြင်း<br>"W"အက္ခရာကိုအစက်များပေါ်တွင်ထပ်ပြီးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "W"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- သင်ခဲ့ပြီးသောကဗျာများကိုပြန်လည်ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "X"အက္ခရာကိုရွေးချယ်ခြင်း<br>"X"အက္ခရာကိုအစက်များပေါ်ထပ်ပြီးရေးခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၁း၁၅-၁၁း၄၅ | - ရေရရှိနိုင်သောနေရာများဆွေးနွေးခြင်း<br>(ပတ်ဝန်းကျင်လောက) | - ကဗျာရွတ်ဆိုခြင်းနှင့်အမေးအဖြေပြုလုပ်ခြင်း<br>(ပတ်ဝန်းကျင်လောက) | - ၁၆ကိန်းရေးခြင်း<br>(သင်္ချာ) | ၁၇ ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း<br>(သင်္ချာ) | - ရေအသုံးဝင်ပုံနားလည်သောကစားနည်းဖြင့်ကစားခြင်း<br>(ပတ်ဝန်းကျင်လောက) |

DBE BOX

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
| --- | --- | --- | --- | --- | --- |
| ၁၁း၄၅-၁၂း၁၅ | ရေထည့်ထားနိုင်သော ပစ္စည်းများ ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ၁၆ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း (သင်္ချာ) | - ရေကဗျာ ရွတ်ဆိုခြင်းနှင့် ရေအရေးကြီးပုံ နားလည်စေသော ကစားနည်း ကစားခြင်း (ပတ်ဝန်းကျင်လောက) | - ရေအရေးကြီးပုံ နားလည်စေ သောကစားနည်း ကစားခြင်း (ပတ်ဝန်းကျင်လောက) | - သောက်ရေ သန့်ရှင်းရန် လုပ်နိုင်သည့် အလုပ်များအား ကလေးများနှင့် ဆွေးနွေးခြင် (ပတ်ဝန်းကျင်လောက) |
| ၁၃း၃၀-၁၄း၀၀ | - ရေထည့်ထား နိုင်သော ပစ္စည်းများ ရေးဆွဲခြင်း (အနုပညာရသ) | - ရေကဗျာရွတ်ဆို ခြင်း (အနုပညာရသ) | - ရေထည့်ထား နိုင်သော ပစ္စည်းများ အရောင်ခြယ်ခြင်း (အနုပညာရသ) | - ရေကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ရေကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) |

DBE BOX

# သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၁၁။ ရေ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-<br>၁၀း၁၅ | - "ဋ"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုခြင်း<br>- အက္ခရာကတ်များလှည့်ကစားနည်းဖြင့် ကစားခြင်း (ပြောဆိုဆက်သွယ်) | - "ဌ"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုခြင်း<br>- "ပ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း (ပြောဆိုဆက်သွယ်) | - "င"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "င"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုခြင်း<br>- "င"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးခြင်း (ပြောဆိုဆက်သွယ်) | - "ညီညွတ်ကြစို့"ပုံပြင်ကိုဆရာကဖတ်ပြခြင်း<br>- "င"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း (ပြောဆိုဆက်သွယ်) | - "ဈ၊ဃ၊ဋ္ဌ၊ဌ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "င"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးစေခြင်း<br>- ဘင်ဂိုကစားနည်းဖြင့်ကစားခြင်း (ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-<br>၁၁း၁၅<br>ဒုတိယဘာသာစကား | - "X"အက္ခရာကိုလေးကြောင်းမျဉ်းနှင့်ရေးခြင်း<br>- "One,Two"ကဗျာကိုပြန်လည်သီဆိုခြင်း | - "Y"အက္ခရာကိုရွေးချယ်ခြင်း<br>- "Y"အက္ခရာကိုအစက်များပေါ်ထပ်ပြီးရေးခြင်း | - "Y"အက္ခရာကိုလေးကြောင်းမျဉ်းနှင့်ရေးခြင်း<br>- "A,B,C,D"သီချင်းကိုပြန်လည်ရွတ်ဆိုခြင်း | - "Z"အက္ခရာကိုရွေးချယ်ခြင်း<br>- "Z"အက္ခရာကိုအစက်များပေါ်ထပ်ပြီးရေးခြင်း | - "Z"အက္ခရာကိုလေးကြောင်းမျဉ်းနှင့်ရေးဆွဲခြင်း<br>- အက္ခရာဆေးခြယ်ခြင်း |
| ၁၁း၁၅-<br>၁၁း၄၅ | - သန့်ရှင်းသောသောက်ရေသောက်ခြင်းဖြင့်ရောဂါကင်းကြောင်းဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - လက်တွေ့ပြုလုပ်ခြင်း (ပတ်ဝန်းကျင်လောက) | - ရေတွင်နစ်မြုပ်သောအရာဝတ္ထုနှင့်ရေတွင်ပေါ်သောအရာဝတ္ထုများအား လက်တွေ့ပြုလုပ်ခြင်း (ပတ်ဝန်းကျင်လောက) | - ၁၈ ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - ၁၈ ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁း၄၅-၁၂း၁၅ | - ၁၈ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - ရေတွင်နစ်မြုပ်သောအရာဝတ္ထုနှင့်ရေတွင်ပေါ်သောအရာဝတ္ထုများဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ရေတွင်ပျော်ဝင်သော ပစ္စည်းနှင့် ရေတွင်မပျော်ဝင်သောပစ္စည်းများအား လက်တွေ့ပြုလုပ်ခြင်း (ပတ်ဝန်းကျင်လောက) | - သန့်ရှင်းသောရေသောက်ခြင်းဖြင့်ရောဂါကင်းကြောင်း ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ရေအကြောင်း ပြန်လည်ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) |
| ၁၃း၃၀-၁၄း၀၀ | - ရေထည့်ထားနိုင်သောပစ္စည်းပုံ ရေးဆွဲခြင်း (အနုပညာရသ) | - ရေထည့်ထားနိုင်သောပစ္စည်းများအရောင်ခြယ်ခြင်း (အနုပညာရသ) | - ရေကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ရေကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) | - ရေကဗျာ ရွတ်ဆိုခြင်း (အနုပညာရသ) |

DBE BOX

## ရေ

**ပထမပတ်**

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ ပုံပြင်ပါ ထပ်ကျော့စကားလုံးများကို ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ **။နှစ်သက်ရာပုံပြင်ကို ဆရာနှင့်အတူဖတ်ခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဈ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဈ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- "ဈ"၏ အမည်မှာ "ဈမျဉ်းဆွဲ"ဖြစ်သည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "V" အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"V" အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"V" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"V"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေရရှိနိုင်သောနေရာများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ရေရရှိနိုင်သောနေရာများ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ကလေးများအား မိမိပတ်ဝန်းကျင်ရှိ ရေရရှိနိုင်သော နေရာများကို ကလေး အချင်းချင်း ဆွေးနွေးပါစေ။ အတန်းကိုပြန်ပြောပါစေ။
- ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ပါ။
- အိမ်မှာသုံးတဲ့ရေ ဘယ်ကရလဲ။(ဥပမာ- ရေတွင်း၊ရေကန်၊ . . . . )

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေထည့်ထားနိုင်သော ပစ္စည်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ရေထည့်ထားနိုင်သော ပစ္စည်းများဆွေးနွေးခြင်း (မိနစ် ၃၀)**

- မိမိအိမ်တွင် ရေထည့်ထားနိုင်သော ပစ္စည်းများကို ကလေးများသိသမျှ ပြောပါစေ။
- ဆရာက သင်ပုန်းတွင် မှတ်တမ်းတင်ပါ။
- ဆရာကကြိုတင်ရေးဆွဲထားသော (မြေအိုး၊ စဉ့်အိုး၊ အုတ်ရေကန်၊ စည်ပိုင်း . . . စသည်) ပုံများကို နေရာခွဲ၍နံရံတွင်ကပ်ပါ။ ကလေးများအား ဖတ်ပြပါ။
- ကလေးများအား မိမိတို့အိမ်တွင် ရေထည့်ထားနိုင်သောပစ္စည်းပုံ၏ရှေ့တွင် ရပ်ရန် ပြောပါ။ မည်သည့်ပစ္စည်းဖြစ်သည်ကိုလည်း ပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေရရှိနိုင်သောနေရာ(ရေတွင်း၊ရေကန် . . . စသည်)ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။ရေထည့်ထားနိုင်သော ပစ္စည်းများပုံ ရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား ရေရရှိနိုင်သော နေရာများကို စိတ်ကြိုက်ရေးဆွဲပါစေ။
- ဆရာက ကလေးများဆွဲထားသောပုံတွင် ကလေးအမည်နှင့် ကလေးပြောသော ပုံအမည်ကို ရေးပေးပါ။

- ဆွဲထားသောပုံများကို အချင်းချင်းလဲလှယ်၍ကြည့်ပါစေ။ ထို့နောက်ပုံများ အားလုံးကို ဆရာက သိမ်းထားပါ။ (နောက်ရက်တွင်အသုံးပြုရန်။)

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဃ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဃ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- "ဃ"၏အမည်မှာ "ဃကြီး" ဖြစ်သည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဝ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆို ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်းရေး ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "V" အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"V" အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**အက္ခရာများနှင့် ငါးမျှားကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အက္ခရာများနှင့် ငါးမျှားကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေဖြစ်ပေါ်လာပုံကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ကဗျာဆိုခြင်းနှင့်အမေးအဖြေပြုလုပ်ခြင်း (မိနစ် ၃၀)**

"ရေ"

ရေတွေ ရေတွေ ဘယ်ကလာ မိုးကောင်းကင်ကလာ
မိုးကောင်းကင်ကို ဘယ်လိုရောက်
ရေငွေ့ဖြစ်လို့ရောက်
ရေငွေ့ ရေငွေ့ဘယ်ကလာ
ကမ္ဘာမြေကလာ
ပင်လယ်ပြင်မှာ နေပူတော့
ချောင်းမြောင်းအိုင်မှာ နေပူတော့ ရေငွေ့ဖြစ်တာပေါ့
ရေငွေ့ဖြစ်တော့လေထဲပါ ကောင်းကင်ပြန်တက်ကာ
ကောင်းကင်ကြီးဟာ အေးလာတော့
(ရေပြန်ဖြစ်တာပေါ့)[၃]

- ကဗျာပါအကြောင်းအရာကို တစ်ဆင့်ပြီးတစ်ဆင့်မေးခွန်းများမေးပါ။
(ဥပမာ ရေတွေဘယ်ကလာသလဲ၊ရေတွေဘယ်ကိုရောက်သွားလဲ .... စသည်)



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၁မှ ၁၆ထိ ကိန်းများရေတွက်တတ် ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ **။၁၆ ကိန်းကိုရေတွက်ခြင်း၊ ဖတ်ခြင်း (မိနစ် ၃၀)**

- ပိုက်ချောင်း ၁၆ ချောင်းကို ၁ မှ ၁၆ ထိကလေးများနှင့် အတူရေတွက်ပါ။ (အခြားပစ္စည်းဖြင့် အစားထိုးနိုင်ပါသည်။)
- ၎င်းပိုက်ချောင်း ၁၀ ချောင်းကို တစ်စည်း စည်းပြပါ။
- ၁၀ ချောင်းစည်း တစ်စည်းနှင့် ၆ ခုကို မည်သို့ဖတ်မည်နည်းဟု မေးပါ။
- တစ်ဆယ်နှင့် ခြောက်၊ တစ်ဆယ့်ခြောက်ဟု ဖတ်ကြောင်းပြောပါ။
- ဆရာက သင်ပုန်းပေါ်တွင် ၁၆ဟုရေးပြပြီး တစ်ဆယ့်ခြောက်ဟု ဖတ်ကြောင်း ပြောပါ။
- ကိန်းကိုထောက်ပြပြီးဖတ်ခိုင်းပါ။
- ကလေးများအုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ရသောဝတ္ထုပစ္စည်းများ ပေးထားကာ ၁၆ ထိအလှည့်ကျ ရေတွက်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ရေ" ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကိုစက်ဝိုင်းပုံရပ်စေပြီး ဆရာက ကလေးများ အလယ်တွင်ရပ်ပါ။
- ဆရာက "ရေရရှိလာပုံကဗျာ" ကိုအသံနေအသံထားဖြင့် ၂ ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့်ထပ်ဆိုပြပါ။
- ဆရာနှင့် ကလေးများအတူတကွ အမူအရာဖြင့်ဆိုပါ။
- ရှေ့ထွက်ပြီးဆိုချင်သောကလေးကိုဆိုပါစေ။
- ဤနည်းအတိုင်းကလေးများစိတ်ကြိုက်ဆိုပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ညီညွတ်ကြစို့" ပုံပြင်ကို ဆရာက ဖတ်ပြခြင်း(မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဂ" ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဂ"ဗျည်း၏ အသံနှင့်အမည်များကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆို ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဂ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဂ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "W" အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"W"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "W"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"W"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်   ။   ။၁၆ ကိန်းကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။   ။**"၁၆"ကိန်းကိုရေးခြင်း (မိနစ် ၃၀)**

- ပိုက်ချောင်း၊ သို့မဟုတ် ပစ္စည်းစစ်ကိုပြ၍ ၁ မှ ၁၆ ထိရေတွက်ပါ။ ကလေးများနှင့်အတူ ရေတွက်ပါ။ ၎င်း ပိုက်ချောင်း ၁၀ ချောင်းကို တစ်စည်းစည်းပြီး ရရှိလာသော တစ်စည်းနှင့် ၆ ခုကို ကိန်းကတ်ပြားနှင့် ယှဉ်ပြကာ မည်ကဲ့သို့ဖတ်ကြောင်းပြန်မေးပါ။
- ထို့နောက် ဆရာက သင်ပုန်းပေါ်တွင် "၁၆" ကိုရေးပြပြီး "တစ်ဆယ့်ခြောက်" ဟု ဖတ်ပါစေ။
- ဆရာက ကလေးများကို ကျောခိုင်း၍ လေထဲတွင် "၁၆"ကို ရေးပြပါ။
- ကလေးများကိုလည်း လေထဲတွင် လိုက်ရေးပါစေ။
- သုံးကြိမ်ခန့်ပြုလုပ်ပါစေ။
- "၁၆" ကိန်းကို စာအုပ်တွင် ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။   ။ရေအသုံးဝင်ပုံ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။   ။**ကဗျာရွတ်ဆိုခြင်းနှင့်ရေအရေးကြီး(အသုံးဝင်)ပုံနားလည်စေသောကစားနည်းကစားခြင်း(မိနစ်၃၀)**

**"ရေ"**

ရေ ရေ ရေ ရေ ရေ
သောက်သုံးကြဖို့ ရေ
ရေ ရေ ရေ ရေ ရေ
ဆေးဖို့ ကြောဖို့ရေ
ရေ ရေ ရေ ရေ ရေ
ချက်ဖို့ ပြုတ်ဖို့ ရေ
ရေကလေးဟာလေ အမိကကျလှပေ။
ထမင်းအသက် ခုနစ်ရက်
ရေအသက်က တစ်မနက်
ရေကောင်းရေသန့်ရမှသာ
ကျန်းမာဝဖြိုးမှာ။

- ရေအရေးကြီး(အသုံးဝင်)ပုံကစားနည်းကို ဆရာနှင့်ကလေးများ အတူတကွ ပြုလုပ်ပါ။ (ရေအရေးကြီး/အသုံးဝင်ပုံ ကစားနည်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)
- လူတို့အတွက် ရေအသုံးဝင်ပုံကို ဆရာက ပြောပြပါ။
- ကစားပြီးပါက ကလေးများ၏ လက်များကို ဆေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။   ။အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။   ။**အရောင်ခြယ်ခြင်း (မိနစ် ၃၀)**

- ကလေးများ ဆွဲထားသောပုံများကို ပြန်ပေးပါ။
- စိတ်ကြိုက်အရောင်ခြယ်ပါစေ။
- ခြယ်ထားသောအရောင်များကို ကလေးများအားပြောပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။   ။ပုံပြင်ကို နားထောင်တတ်ရန်။



DBE BOX

လုပ်ငန်းစဉ်။ ။**"ညီညွတ်ကြစို့" ပုံပြင်ကို ဆရာကဖတ်ပြခြင်း (မိနစ် ၂၀)**
- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဝ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**
- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း သင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဝ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဝ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**
- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "W''အက္ခရာကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"W''အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**
- ယခင်သင်ပြီးသည့်အက္ခရာများကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာများကို ဟန်အမူရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **သင်ကြားပြီးသော ကဗျာများကို ပြန်လည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**
- ယခင်သင်ပြီးသည့် ကဗျာများမှ ကြိုက်နှစ်သက်ရာကဗျာများကို ဟန်အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၇ ကိန်းကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**၁၇ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**
- ပိုက်ချောင်း(သို့)မျိုးတူပစ္စည်း ၁၇ ခုကိုယူပါ။
- ၁မှ ၁၇ ထိ ကလေးများနှင့်အတူရေတွက်ပြပါ။
- ၎င်း မှ ၁၀ခုကိုစည်း ပြီးရရှိလာသော တစ်စည်းနှင့်၇ခုကို ကိန်းကတ်ပြားနှင့်ယှဉ်ပြကာ မည်သို့ ဖတ်ကြောင်းမေးပါ။ တစ်ဆယ်နှင့်ခုနစ်၊ တစ်ဆယ့်ခုနစ်ဟု ဖတ်ကြောင်းပြောပါ။
- ထို့နောက်သင်ပုန်းပေါ်တွင် "၁၇" ကိုရေးပါ။
- ကိန်းကို ထောက်ပြပြီး "တစ်ဆယ့်ခုနစ်"ဟု ဖတ်ပါစေ။
- ဆရာက ကလေးများကို ကျောခိုင်း၍ "၁၇"ကို လေထဲတွင် ရေးပြပါ။
- ကလေးများအား လေထဲတွင် လိုက်ရေးပါစေ။ သုံးကြိမ်ခန့်ပြုလုပ်ပါစေ။
- "၁၇"ကိန်းကို စာအုပ်တွင် ကူးရေးပါစေ။
- " ၁၆၊ ၁၇" ကိန်းများကို စာအုပ်တွင် ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေအသုံးဝင်ပုံ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေ အရေးကြီးပုံနားလည်စေသောကစားနည်း (မိနစ် ၃၀)**
- ရေအရေးကြီး(အသုံးဝင်)ပုံ ကစားနည်းကို ဆရာနှင့်ကလေးများ အတူတကွ ပြုလုပ်ပါ။ (ရေအရေးကြီး/အသုံးဝင်ပုံ ကစားနည်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)
- အပင်များအတွက်လည်း ရေအသုံးဝင်ပုံကို ဆရာက ပြောပြပါ။
- ကစားပြီးပါက ကျောင်းရှိအပင်များကို ရေလောင်းပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရေကဗျာ"ရွတ်ဆိုခြင်း (မိနစ် ၃၀)**
- ကလေးများအားလုံး စက်ဝိုင်းပုံရပ်စေပြီး ဆရာက ကလေးများ အလယ်တွင် ရပ်ပါ။

- ဆရာက "ရေကဗျာ"ကို အသံနေအသံထားဖြင့် ၂ ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာနှင့် ကလေးများအတူတကွ အမူအရာဖြင့် ဆိုပါစေ။ ရွှေ့ထွက်ပြီး ဆိုချင်သော ကလေးကို ဆိုစေပါ။
- ဤနည်းအတိုင်း ကလေးများ စိတ်ကြိုက်ဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဂ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဂ"ဗျည်း ကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းကဗျာရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဂ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဂ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အာရုံစူးစိုက်မှုစွမ်းရည် တိုးတက်စေရန်။

လုပ်ငန်းစဉ်။ ။**သင်ခဲ့ပြီးသောအက္ခရာများကိုကျောပေါ်တွင်အက္ခရာရေးခြင်းကစားနည်းဖြင့်ကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောကျောပေါ်တွင်အက္ခရာရေးခြင်း ကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"X"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"X"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"X"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"X"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေအသုံးဝင်ပုံကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေအရေးကြီး(အသုံးဝင်)ပုံနားလည်သော ကစားနည်း (မိနစ် ၃၀)**

- ရေအသုံးဝင်ပုံ ကစားနည်းကို ဆရာနှင့်ကလေးများ အတူတကွပြုလုပ်ပါ။ (ရေအရေးကြီး/အသုံးဝင်ပုံ ကစားနည်းကို နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။)
- တိရစ္ဆာန်များအတွက်လည်း အသုံးဝင်တယ်၊ ရေလိုအပ်တယ်ဆိုသည့် အကြောင်း ဆရာက ပြောပြပါ။
- ရေများကို ငှက်များ၊ ခွေးကလေးများ သောက်ရန် ထည့်ပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သန့်ရှင်းသောရေကို အသုံးပြုတတ်ရန်။

လုပ်ငန်းစဉ်။ ။**သောက်ရေသန့်ရှင်းရန်လုပ်နိုင်သည့်အလုပ်များအားကလေးများနှင့်ဆွေးနွေးခြင်း(မိနစ်၃၀)**

- သောက်ရေသန့်ရှင်းရန်လုပ်နိုင်သည့်အလုပ်များကို ကလေးများပြောပါစေ။ (ရေစစ်ခြင်း၊ ရေအိုးများ ဖုံးအုပ်ခြင်း၊ ရေတွင်းရေကန်နှင့်အနီး အညစ်အကြေးမစွန့်ခြင်း၊ ရေကို ကျိုချက်၍ သောက်ခြင်း. . . စသည်)

**ဆောင်ရန်/ရှောင်ရန် ဆွေးနွေးခြင်း**



DBE Box

- အောက်ပါတို့ကို ဆရာက တစ်ကြောင်းချင်းဖတ်ပြပါ။ရှောင်ရမည်ဆိုလျှင် ထိုင်နေပါဟု ပြောပါ။ဆောင်ရမည်ဆိုလျှင် ရပ်ပြပါ။
- ညစ်ပေသောလက်ဖြင့် ရေမခပ်ရပါ။
- ရေကန်အနီး အမှိုက်ပစ်သည်။
- ရေအိုးကို ဖုံးအုပ်ထားရမည်။
- သောက်ရေအိုးကရေကို ကိုင်းပါသောခွက်ဖြင့်ခပ်ပါ။
- ရေကန်ထဲမှာ ကျွဲ၊ နွားများ ဆင်းပြီး ရေသောက်သည်။
- ရေကို ကျိုချက်၍ သောက်ရေအိုးထဲ ထည့်ရမည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ရေကဗျာ" ရွတ်ဆိုခြင်း (မိနစ် ၃၀)**
- ကလေးအားလုံးကို စက်ဝိုင်းပုံရပ်စေပြီး ဆရာက ကလေးများ အလယ်တွင် ရပ်ပါ။
- ဆရာက "ရေ"ကဗျာကို အသံနေအသံထားဖြင့် ၂ ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာနှင့် ကလေးများ အတူတကွ အမူအရာဖြင့် ဆိုပါစေ။
- ရှေ့ထွက်ပြီးဆိုချင်သော ကလေးရှိပါက ဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများ စိတ်ကြိုက်ဆိုပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဋ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"ဋ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (မိနစ် ၃၀)**
- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- "ဋ"၏ အမည်မှာ "ဋသန်လျင်းချိတ်" ဖြစ်သည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာများကို ပိုမိုမှတ်မိစေရန်။

လုပ်ငန်းစဉ်။ ။ **အက္ခရာကတ်ပြားလှည့်ကစားနည်းဖြင့် ကစားခြင်း (မိနစ် ၃၀)**
- ယခင်သင်ကြားပြီးသော အက္ခရာကတ်ပြားလှည့်ကစားနည်းအတိုင်းကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ "X" အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"X"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**
- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကဗျာများကို ဟန်အမူရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **One, Two ကဗျာကို ပြန်လည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**
- One, Two ကဗျာကို ဟန်အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သန့်ရှင်းသောသောက်ရေသောက်ခြင်းဖြင့် ရောဂါကင်းကြောင်း ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**သန့်ရှင်းသောသောက်ရေသောက်ခြင်းဖြင့်ရောဂါကင်းကြောင်းဆွေးနွေးခြင်း (မိနစ် ၃၀)**
- ဆရာက စကားပြောပိုစတာကိုသုံး၍မသန့်ရှင်းသောရေသောက်ပါက ဘာဖြစ်တတ်သလဲ ဆွေးနွေးပါ။

- ကလေးများ ပြောတတ်သလိုပြောပါစေ။
- ဆရာက မသန့်ရှင်းသောရေသောက်ပါက (ဝမ်းသွား၊ ဗိုက်နာ၊ . . . ) ဖြစ်ကြောင်းရှင်းပြပါ။
- ဆရာက မသန့်ရှင်းသောရေ (ဥပမာ-ရေစစ်နှင့် ထည့်မထားသောရေ၊. . . စသည်ဖြင့်) အကြောင်းပြောပါ။
- သန့်ရှင်းသော ရေကိုသာ သောက်ရန်လိုကြောင်း ဆရာက ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကိန်းများကို ရေတွက်တတ်၊ ဖတ်တတ်၊ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။၁၈ကိန်းများကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

- ပိုက်ချောင်း(သို့) မျိုးတူပစ္စည်း ၁၈ခုကို ယူပါ။
- ၁ မှ ၁၈ထိ ကလေးများနှင့်အတူ ရေတွက်ပြပါ။
- ၄င်းမှ ၁၀ခုကို စည်းပြီးရရှိလာသော တစ်စည်းနှင့် ၈ခုကို ကိန်းကတ်ပြားနှင့် ယှဉ်ပြကာ မည်သို့ဖတ်ကြောင်း ပြန်မေးပါ။ တစ်ဆယ်နှင့်ရှစ်၊တစ်ဆယ့်ရှစ်ဟု ဖတ်ကြောင်း ပြောပါ။
- ထို့နောက် သင်ပုန်းပေါ်တွင် "၁၈" ကိုရေးပါ။
- ကိန်းကို ထောက်ပြပြီး "တစ်ဆယ့်ရှစ်"ဟု ဖတ်ပါစေ။
- ဆရာက ကလေးများကို ကျောခိုင်း၍ "၁၈"ကို လေထဲတွင် ရေးပြပါ။
- ကလေးများအား လေထဲတွင် လိုက်ရေးပါစေ။ သုံးကြိမ်ခန့်ပြုလုပ်ပါစေ။
- "၁၈"ကိန်းကို စာအုပ်တွင် ကူးရေးပါစေ။
- "၁၁ မှ ၁၈"ထိ ကိန်းများကို စာအုပ်တွင် ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေထည့်ထားနိုင်သော ပစ္စည်းကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ **။ရေထည့်ထားနိုင်သော ပစ္စည်းပုံရေးဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား ရေရရှိနိုင်သော နေရာများကို စိတ်ကြိုက်ရေးဆွဲပါစေ။
- ဆရာက ကလေးများဆွဲထားသော ပုံတွင် ကလေးအမည်နှင့် ပုံအမည်ကို ရေးပေးပါ။
- ဆွဲထားသောပုံများကို ကလေးအချင်းချင်း လဲလှယ်၍ ကြည့်ပါစေ။
- ထို့နောက်ပုံများအားလုံးကို ဆရာက သိမ်းထားပါစေ။
- (နောက်ရက်တွင် အသုံးပြုရန်)

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဌ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"ဌ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- "ဌ" ၏ အမည်မှာ "ဌဝမ်းဘဲ"ဖြစ်သည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ပ"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။"ပ"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Y"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ **။ "Y"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရေးပါစေ။



DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။"Y" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"Y"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေတွင်နစ်မြုပ်သော အရာဝတ္ထုများနှင့်ရေတွင်ပေါ်သော အရာဝတ္ထုများ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**လက်တွေ့ပြုလုပ်ခြင်း (မိနစ် ၃၀)**

- ဆရာက ကြိုတင်စုဆောင်းထားသည့် ရေတွင်နစ်မြုပ်သော အရာဝတ္ထုများနှင့် ရေတွင် ပေါ်သော အရာဝတ္ထုများကို စားပွဲပေါ်တွင် တင်ထားပါ။
- (ကျောက်ခဲ၊ပန်းပွင့်၊သစ်ရွက်၊စက္ကူဖော့၊ခဲဖျက်၊ကော်ဇီမစ်အိတ်ခွံ၊ပဲစေ့. . . စသည်) တစ်တန်းလုံးအား စားပွဲပေါ်တင်ထားသော မည်သည့် အရာဝတ္ထုများက ရေတွင် ပေါ်သည်၊ နစ်မြုပ်သည်ကိုကြိုတင်ခန့်မှန်းပြောပါစေ။
- ဆရာက ခန့်မှန်းချက် မှန်/မမှန် လက်တွေ့လုပ်ကြရအောင် ပြောပါ။
- ကလေးများအား အုပ်စု(၃)စု ဖွဲ့ပါ။
- အုပ်စု တစ်စုစီအား မိမိတို့ရှေ့ရှိ ရေဇလုံတွင်ပေးထားသောပစ္စည်းများကို တစ်ခုစီထည့် ကြည့်ပါစေ။
- အုပ်စုအားလုံး လက်တွေ့လုပ်ဆောင်ပြီးပါက မည်သို့တွေ့ရှိရသည်ကို ပြောပြပါစေ။
- ခန့်မှန်းချက်မှန်လျှင်ချီးကျူးပါ။
- ထို့နောက် ဆရာက ပေါ့သောအရာဝတ္ထုများသည်ရေပေါ်တွင်ပေါ်နိုင်၍ ကျောက်ခဲကဲ့သို့ လေးသော အရာဝတ္ထုများသည် ရေတွင် နစ်မြုပ်နိုင်သည်ကို ပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေတွင်နစ်မြုပ်သော အရာဝတ္ထုများနှင့်ရေတွင်ပေါ်သော အရာဝတ္ထုများ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေတွင်နစ်မြုပ်သောအရာဝတ္ထုများနှင့်ရေတွင်ပေါ်သောအရာဝတ္ထုများဆွေးနွေးခြင်း(မိနစ်၃၀)**

- အောက်ပါတို့ကို ဆရာက တစ်ခုခြင်း ဖတ်ပြပါ။
- ရေတွင် ပေါ်သောအရာဝတ္ထုဖြစ်လျှင် ပေါ်တယ်ဟု ပြောပါစေ။
- ရေတွင်နစ်မြုပ်သောအရာဝတ္ထုဖြစ်လျှင် နစ်တယ်ဟုပြောပါစေ။
- ပန်းပွင့်
- သစ်ရွက်
- ကျောက်ခဲလုံး
- စက္ကူ ၊ ဖော့
- ကော်ဖီမစ်အိတ်ခွံ
- ဖော့တုံး
- မီးသွေးတုံး
- ဘောလုံး
- ဆပ်ပြာတုံး. . . စသည်

အသေးစိတ်သင်ယူမှုရလဒ်။ ။အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အရောင်ခြယ်ခြင်း (မိနစ် ၃၀)**

- ကလေးများဆွဲထားသောပုံများကိုပြန်ပေးပါ။ စိတ်ကြိုက်အရောင်ခြယ်ပါစေ။
- ခြယ်ထားသော အရောင်များကို ကလေးများ ပြောပါစေ။

DBEBOX

ဗုဒ္ဓဟူးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"c"ဗျည်း အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"c"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "c"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"c"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"c"ဗျည်းကို အရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"c"ဗျည်းကိုအရစ်အဆွဲမှန်စွာအစက်ချထားသောအက္ခရာပေါ်တွင်ရေးစေခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသော အစက်ချထားသော အက္ခရာပေါ်တွင် ရေးနည်း အတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Y"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"Y"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ သီချင်းကို စည်းချက်ကျကျသီဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **A,B,C,D သီချင်းကို ပြန်လည်သီဆိုခြင်း (၁၅ မိနစ်)**

- A,B,C,D သီချင်းကို စည်းချက်ကျကျ ပြန်လည်သီဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေတွင်ပျော်ဝင်သောအရာဝတ္ထုနှင့်ရေတွင်မပျော်ဝင်သောအရာဝတ္ထု များပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေတွင်နစ်မြုပ်သောအရာဝတ္ထုနှင့်ရေတွင်ပေါ်သောအရာဝတ္ထုများပြောခြင်း (မိနစ် ၃၀)**

- ဆရာက ရေဇလုံများကို ကြိုတင်ပြင်ထားပါ။
- (ကျောက်ခဲ၊ပန်းပွင့်၊သစ်ရွက်၊စက္ကူ၊ဖော့၊ခဲဖျက်၊ကော်ဖီမစ်အိတ်ခွံ၊ပဲစေ့. . . စသည်)ရေဇလုံထဲတွင် ကလေးများနှစ်သက်သောပစ္စည်းများကို လာရောက် ထည့်ပါစေ။
- ကလေးကိုယ်တိုင်လက်တွေ့ပြုလုပ်ပြီးမြုပ်သည်/ပေါ်သည်ကိုပြောပါစေ။
- ဤနည်းအတိုင်း ကလေးအားလုံး ပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ရေတွင်ပျော်ဝင်သောအရာဝတ္ထုနှင့်ရေတွင်မပျော်ဝင်သောအရာဝတ္ထုများ ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေတွင်ပျော်ဝင်သောအရာဝတ္ထုနှင့်ရေတွင်မပျော်ဝင်သောအရာဝတ္ထုများပြောခြင်း(မိနစ်၃၀)**

- ဆရာနှင့်အတူ လက်တွေ့ပြုလုပ်ပါစေ။
- ရေသန့်ဘူးခွံတစ်ခုတွင် ဆား(သို့)သကြားထည့်ပြီး ရေအနည်းငယ်ထည့်ပါ။ မွှေပါ။ မည်သို့ ဖြစ်လာသည်ကို ကလေးများအား ကြည့်ပါစေ။

DBE BOX

- အခြားရေသန့်ဘူးခွံတစ်ခုတွင် (ကျောက်ခဲ၊ သဲ၊ . . . စသည်) ထည့်ပါ။ ရေအနည်းငယ် ထည့်ပါ။ မွှေပါ။ မည်သို့ဖြစ်လာသည်ကို ကလေးများအား ကြည့်ရှုလေ့လာပါစေ။ ကလေးများ တွေ့ရသည်ကို ပြောပါစေ။
- တွေ့ရှိချက်များကို ဆရာနှင့်ကလေး အပြန်အလှန်ပြောပါစေ။
- ကလေးများကို အဖွဲ့ခွဲပေးပြီး လက်တွေ့ပြုလုပ်ပါစေ။
- ဆရာက ပျော်ဝင်သောအရာဝတ္ထုနှင့် မပျော်ဝင်သောအရာဝတ္ထုကို ခွဲခြား ပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာနှင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ရေကဗျာ"ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကို စက်ဝိုင်းပုံရပ်စေပြီး ဆရာက ကလေးများ အလယ်တွင် ရပ်ပါ။
- ဆရာက "ရေ"ကဗျာကို အသံနေအသံထားဖြင့် ၂ ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့်ထပ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူတကွ အမူအရာဖြင့်ဆိုပါစေ။
- ရွေ့ထွက်ပြီး ဆိုချင်သောကလေးကို ဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများ စိတ်ကြိုက်ဆိုပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို နားထောင်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"ညီညွတ်ကြစို့" ပုံပြင်ကို ဆရာက ဖတ်ပြခြင်း(မိနစ်၃၀)**

- ယခင်သင်ကြားပြီးသောပုံပြင်ပါရုပ်ပုံများကြည့်၍ထင်မြင်ချက်ပြောစေခြင်းနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ပ" ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ပ"ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းအက္ခရာ ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "Z"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"Z"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"Z" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"Z"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၈ ကိန်းကို ရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**၁၈ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

- ကလေးများအား အုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ရသော ဝတ္ထုပစ္စည်း ၁၈ခု နှင့် ၁၈ထိပါသောကိန်း ကတ်ပြားများကို ပေးထားပါ။ ဆရာက ကိန်းတစ်ခုရွတ်ပြတိုင်း အုပ်စုများက ၎င်းကိန်းနှင့် သက်ဆိုင်သော ကတ်ပြားများကိုပြ၍ ၎င်းကိန်းနှင့် သက်ဆိုင်သော အရေအတွက်ကို ရေတွက်ပြပါစေ။ (ဥပမာ-ဆရာက "၁၈" ဟု ရွတ်ပြလျှင် ကလေးက "၁၈"ကိန်းကတ်ပြားကို ထောင်ပြ၍ အုပ်စုတွင်းရှိ ကလေးများက ပစ္စည်း



DBE-BOX

“၁၈”ခုကိုရေတွက်ပြပါစေ။ အမြန်ဆုံးပြနိုင်သော အုပ်စုကို အမှတ်ပေးခြင်းဖြင့် ကစားပါ။

- ကလေးများအား ကျောခိုင်း၍ လေထဲတွင် “၁၁”မှ “၁၈”ထိ ကိန်းများ ကိုရေးပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။သန့်ရှင်းသောသောက်ရေသောက်ခြင်းဖြင့်ရောဂါကင်းကြောင်းပြောတတ်ရန်။

လုပ်ငန်းစဉ်။ **။သန့်ရှင်းသောသောက်ရေသောက်ခြင်းဖြင့်ရောဂါကင်းကြောင်းဆွေးနွေးခြင်း(မိနစ် ၃၀)**

- ဆရာကစကားပြောပိုစတာကို သုံး၍ မသန့်ရှင်းသောရေသောက်ပါကဘာဖြစ်တတ်သလဲ ဆွေးနွေးပါ။
- ကလေးများ ပြောတတ်သလိုပြောပါစေ။
- ဆရာက မသန့်ရှင်းသောရေသောက်ပါက (ဝမ်းသွား၊ ဗိုက်နာ၊ . . . ) ဖြစ်ကြောင်း ရှင်းပြပါ။
- ဆရာက မသန့်ရှင်းသောရေ (ဥပမာ-ရေစစ်နှင့် ထည့်မထားသောရေ၊. . . စသည်ဖြင့်) အကြောင်းပြောပါ။
- သန့်ရှင်းသော ရေကိုသာ သောက်ရန်လိုကြောင်း ဆရာက ရှင်းပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။“ရေကဗျာ”ရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကို စက်ဝိုင်းပုံရပ်စေပြီး ဆရာက ကလေးများ အလယ်တွင်ရပ်ပါ။
- ဆရာက ရေ ဖြစ်ပေါ်လာပုံ ကဗျာကို အသံနေအသံထားဖြင့် ၂ခေါက် ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာနှင့်ကလေးများ အတူတကွ အမူအရာဖြင့်ဆိုပါ။
- ရှေ့ထွက်ပြီးဆိုချင်သော ကလေးကို ဆိုပါစေ။
- ဤနည်းအတိုင်း ကလေးများ စိတ်ကြိုက်ဆိုပါစေ။

**သောကြာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများ၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။“ဈ၊ဃ၊ငှ၊ဌ”ဗျည်းများ၏ အသံနှင့် အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ် ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ “ပ” ဗျည်းကိုအရစ်အဆွဲမှန်စွာ ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။“င”ဗျည်းကိုလေးကြောင်းမျဉ်းပေါ်တွင်အရစ်အဆွဲမှန်စွာရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသည့် လေးကြောင်းမျဉ်းပေါ်တွင် ဗျည်းအက္ခရာ ရေးနည်း အတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းများကို ပိုမိုမှတ်မိစေရန်။

လုပ်ငန်းစဉ်။ **။ဘင်ဂိုကစားနည်းကစားခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဘင်ဂိုကစားနည်းအတိုင်းကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။“Z” အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။“Z”အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကို လေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

DBLBox

အသေးစိတ်သင်ယူမှုရလဒ်။ ။ အက္ခရာအမည်များကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**အက္ခရာဆေးခြယ်ခြင်း (၁၅ မိနစ်)**

- ယခင် သင်ကြားပြီးသည့် အက္ခရာဆေးခြယ်နည်းအတိုင်း ပြုလုပ်ပါစေ။

**အသေးစိတ်သင်ယူမှုရလဒ်။ ။၁၈ ထိကိန်းများကို စီစဉ်တတ်၊ ယှဉ်တွဲတတ်၊ ရေးတတ်ရန်။**

လုပ်ငန်းစဉ်။ ။**၁၈ ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

- ကလေးများအား အုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ရသော ဝတ္ထုပစ္စည်း ၁၈ခုနှင့် ၁၈ထိပါသောကိန်း ကတ်ပြားများကို ပေးထားပါ။ ဆရာက ကိန်းတစ်ခုရွတ်ပြတိုင်းအုပ်စုများက ၎င်းကိန်းနှင့် သက်ဆိုင်သော ကတ်ပြားများကို ပြ၍ ၎င်းကိန်းနှင့် သက်ဆိုင်သော အရေအတွက်ကို ရေတွက်ပြပါစေ။ (ဥပမာ-ဆရာက “၁၈” ဟု ရွတ်ပြလျှင် ကလေးက “၁၈”ကိန်းကတ်ပြားကို ထောင်ပြ၍ အုပ်စုတွင်းရှိ ကလေးများက ပစ္စည်း “၁၈”ခုကို ရေတွက်ပြပါစေ။အမြန်ဆုံးပြနိုင်သော အုပ်စုကို အမှတ်ပေးခြင်းဖြင့် ကစားပါ။
- ဆရာက ကလေးများကို ကျောခိုင်း၍ လေထဲတွင် “၁၁”မှ “၁၈”ထိ ကိန်းများကို ရေးပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိမိ ပတ်ဝန်းကျင်ရှိ ရေအကြောင်းကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေအကြောင်းပြန်လည် ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ရေအကြောင်း (ရရှိနိုင်သောနေရာ၊ ရေထည့်ထားနိုင်သောပစ္စည်း၊ မြုပ် ခြင်း/ပေါ်ခြင်း၊ ပျော်/မပျော်၊ အသုံးဝင်ပုံ၊ ရေဖြစ်ပေါ်လာပုံ)တို့ကို ကလေးနှင့် အပြန်အလှန်ပြောပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ရေကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)

- သင်ပေးထားသောကဗျာများမှကလေးတို့ကြိုက်နှစ်သက်သောကဗျာကိုရွတ်ဆိုပါစေ။
- ကလေးများဆွဲထားသော ပုံများကို စာအုပ်ချုပ်ပေးပါ။

**“ရေအရေးကြီးပုံ စမ်းသပ်ကစားနည်း”**

- ဤကစားနည်းမှ ရေ၏အရေးကြီးပုံကို ကလေးတို့ နားလည်လာပါသည်။
- ခွက်ခပ်ကြီးကြီးတစ်လုံးနှင့် ရေခြင်ရန် ခွက်ငယ်ငယ်လေးတစ်ခု ရှာပါ။
- ရေကို ဘယ်လို၊ ဘယ်နေရာမှာ သုံးသလဲဟု ကလေးတွေကို မေးပါ။
- ရေသောက်ရန်၊ လက်ဆေးရန်၊ အဝတ်လျှော်ရန်၊ အိမ်သာရေလောင်းရန်၊ ရေချိုးရန်၊ သစ်ပင်ရေလောင်းရန်၊ထမင်းဟင်းချက်ရန်၊တိရစ္ဆာန်တွေတိုက်ရန်စသည့်ရေ၏ အသုံးဝင်ပုံများကိုကလေးတို့ ပြောပြပါလိမ့်မည်။
- ရေအသုံးဝင်ပုံအသစ်တစ်ခုရတိုင်းခွက်ငယ်ဖြင့် ရေအပြည့်ခပ်ပြီး ခွက်ကြီးထဲသို့လောင်းထည့်ပါ။ ခွက်အကြီးထဲတွင် ရေတွေများလာသည်ကိုကြည့်ပြီး ရေ၏အရေးကြီးပုံ၊ အသုံးဝင်ပုံကို ကလေးတို့ မျက်မြင်အားဖြင့် သိရှိနားလည်စေပါမည်။
- ထို့နောက် ခွက်ကြီးထဲမှရေတွေကို ပန်းပင်တွေကို လောင်းလိုက်ပါ။ အလကားသွန်ပစ်တာမလုပ်ပါနှင့်။ ဒီရေတွေက တန်ဖိုးရှိတယ်ဆိုတော့ ဘာလုပ်ရင်ကောင်းမလဲဟု ကလေးတွေကို ပထမမေးကြည့်ပါ။

(ကစားနည်း ၁၀၀ စာအုပ်)

(ဒေါက်တာသိန်းလွင်၊ ပညာရေးစိတ်ပညာ)

DBE BOX